ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ

https://nugmyanmar.org

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (၅၄) ကြိမ်မြောက် အစည်းအဝေး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လူ့အခွင့်အရေးဆိုင်ရာရပ်တည်ချက်အပေါ် ထုတ်ပြန်ကြေညာချက်

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်

၁။ အမျိုးသားညီညွတ်ရေးအစိုးရက ကိုယ်စားပြုသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လူ့အခွင့်အရေးဆိုင်ရာ ရပ်တည်ချက်နှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာအပ်ပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရသည် ၂၀၂၂ ခုနှစ်၊ မတ်လတွင် တတိယအကြိမ် နိုင်ငံအားလုံးအလှည့်ကျ အစီရင်ခံသုံးသပ်ခြင်း (Universal Periodic Review) အတွက် အစီရင်ခံစာကိုထုတ်ပြန်ခဲ့ပြီး မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်များနှင့် ရပ်တည်ချက်များကို ဂျီနီဗာမြို့ရှိ ကိုယ်စားလှယ်များအား အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။ သေဒဏ်ကို တရားဝင်ဖျက်သိမ်းမှု၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များနှင့် နောက်ဆက်တွဲစာချုပ်များကို အတည်ပြုလက်မှတ်ထိုးမှုနှင့် ဂမ်ဘီယာ-မြန်မာ အမှုကိစ္စရပ်တွင် အပြည်ပြည်ဆိုင်ရာတရားစီရင်ရေးရုံးနှင့် ပူးပေါင်းဆောင်ရွက်မှု၊ အဆင့်အားလုံးတွင် အမျိုးသမီးများ၏ နိုင်ငံရေးဆိုင်ရာ ကိုယ်စားပြုခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့ တိုးမြှင့်လာစေမှုများပါဝင်သော ဤဆုံးဖြတ်ချက်များအတိုင်း ကျွန်ုပ်တို့ရပ်တည်ပါသည်။

၃။ အမျိုးသားညီညွတ်ရေးအစိုးရသည် လူ့အခွင့်အရေးကောင်စီနှင့် ၎င်း၏လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားမှုများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နေပါသည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး စုံစမ်းစစ်ဆေးရေးအရာရှိ ခန့်အပ်ထားမှုကို အားပေးထောက်ခံပြီး ၎င်းနှင့်လည်း တက်တက်ကြွကြွ ပူးပေါင်းလုပ်ဆောင် လျက်ရှိသည်။ အထူးလုပ်ထုံးလုပ်နည်း လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းခံထားရသော

သူများအား မြန်မာနိုင်ငံသို့လာရောက်ရန် ဖိတ်ခေါ်မှုကို ထုတ်ပြန်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံဆိုင်ရာ သီးခြားလွတ်လပ်သော အချက်အလက်စုံစမ်းစစ်ဆေးရေးယန္တရားက ထုတ်ပြန်ထားသည့် အကြံပြုချက်များကိုလည်း အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုထားလျက်ရှိသည်။

၄။ ထို့အပြင်အမျိုးသားညီညွတ်ရေးအစိုးရသည် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)ထံသို့ မြန်မာနိုင်ငံ၏ ချွတ်ခြုံကျနေသော လူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်၍ အရေးပါလှသည့် စုံစမ်းမှုများနှင့် အစီရင်ခံစာများကို ပုံမှန်တင်သွင်းလျက်ရှိပါသည်။ မဟာမင်းကြီးရုံးအနေနှင့် မြန်မာနိုင်ငံအတွင်း လက်လှမ်းမှီနိုင်ရေးအတွက် ကျွန်ုပ်တို့ လက်တွဲလုပ်ဆောင်သွားမည်ဖြစ်သည်။

၅။ အမျိုးသားညီညွတ်ရေးအစိုးရသည် ဆက်လက်ဖြစ်ပွားနေသော စစ်တပ်၏ သမိုင်းဝင်ရက်စက်ကြမ်းကြုတ်မှုများကြားမှ အသက်ရှင်လွတ်မြောက်သူများကို တရားမျှတမှုဖော်ဆောင်ပေးရန် ဆုံးဖြတ်ထားပါသည်။ ကျွန်ုပ်တို့သည် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံဆိုင်ရာ တာဝန်ခံမှု ယန္တရားများ (အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးသော နိုင်ငံများ)နှင့် ပူးပေါင်းဆောင်ရွက်သွားရန် ကတိပြုထားပါသည်။ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ ရက်စွဲဖြင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး (International Criminal Court)သို့ ပေးပို့ခဲ့သော အပိုဒ်ခွဲ ၁၂(၃) ကြေညာချက်တွင် ထိုရာဇဝတ်မှုဆိုင်ရာ တရားရုံးအနေဖြင့် ၂၀၀၂ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံအတွင်းကျူးလွန်ခဲ့သော ရာဇဝတ်မှုများအပေါ် တရားစီရင်ပိုင်ခွင့်ကို လက်ခံကြောင်း၊ အကြောင်းကြားပြီးဖြစ်သည်။

၆။ ကျွန်ုပ်တို့သည် လုံခြုံစိတ်ချရသော နည်းလမ်းများဖြင့် သက်သေခံချက်ကို ပေးစွမ်းနိုင်ရန်အတွက် အချက်အလက်များကိုတင်သွင်းပြီး သက်သေများကို သတ်မှတ်ကာ မြန်မာနိုင်ငံအတွက် သီးခြားလွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရားအဖွဲ့ (IIMM)နှင့် လက်တွဲလုပ်ဆောင်လျက်ရှိပါသည်။ ရိုဟင်ဂျာပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်စွာ ကျူးလွန်နေမှုများအတွက် စစ်တပ်ကို တာဝန်ခံမှုရှိစေရန်အတွက် ယန္တရား၏ အားထုတ်ဆောင်ရွက်နေမှုများကို ကျွန်ုပ်တို့ အပြည့်အဝထောက်ခံပါသည်။ နိုင်ငံအနှံ့အပြားတွင် စစ်တပ်က ကျူးလွန်လျက်ရှိသည့် ရာဇဝတ်မှုများကို မြေပြင်ကျကျ စုံစမ်းစစ်ဆေးမှုပြုရန် ယန္တရား၏ မြန်မာနိုင်ငံအတွင်း လက်လှမ်းမီနိုင်မှုအတွက် နည်းလမ်းရှာဖွေဖော်ဆောင်ရန် ကျွန်ုပ်တို့အသင့်ရှိပါသည်။

၇။ အမျိုးသားညီညွတ်ရေးအစိုးရသည် ချမှတ်ထားသော **"ရိုဟင်ဂျာအပေါ် မူဝါဒရပ်တည်ချက်"** အတိုင်း လုပ်ဆောင်ရင်း ရိုဟင်ဂျာနှင့် အခြားအိုးအိမ်စွန့်ခွာသူများကို မိမိသဘောအလျောက် လုံခြုံပြီးဂုဏ်သိက္ခာရှိသည့် ရေရှည်နည်းလမ်းများဖြင့် နေရပ်ပြန်လာနိုင်ရေး လိုအပ် သောအခြေအနေများကို ဖန်တီးရန် ဆုံးဖြတ်ထားပါသည်။ အစိုးရမူဝါဒများနှင့် အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်ရာတွင် ရိုဟင်ဂျာပြည်သူများ၏ အမြင်သဘောထားများ ထင်ဟပ်နိုင်ရန်အတွက် အသိပေးအားပေးခြင်းများ လုပ်ဆောင်နိုင်ရန် ရိုဟင်ဂျာ ခေါင်းဆောင်တစ်ဦးသည် လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

၈။ ထို့အပြင် ကျွန်ုပ်တို့သည် တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုများ အပါအဝင် လူ့အသိုက်အဝန်းအားလုံးကို တန်းတူညီမျှဆက်ဆံရန်နှင့် ကာကွယ်ပေးနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီနှင့် လက်တွဲပြီး ဥပဒေပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ လုပ်ဆောင်နေပါသည်။ မြန်မာနိုင်ငံသားမိဘနှစ်ပါးက မြန်မာနိုင်ငံအတွင်း မွေးဖွားသည့် (သို့မဟုတ်) မည်သည့်နေရာတွင်မဆို မွေးဖွားလာသည့် ကလေးသူငယ်များကို နိုင်ငံသားဖြစ်စေခြင်း၊ နိုင်ငံသားအဖြစ်အတည်ပြုမှုကဒ်လုပ်ငန်းစဉ်ကို ဖျက်သိမ်းခြင်းနှင့် ၂၀၁၅ ခုနှစ်မျိုးစောင့်ဥပဒေ ရုပ်သိမ်းခြင်းတို့ကို အခြေခံသော ဥပဒေအသစ်ဖြင့် ၁၉၈၂ခုနှစ် နိုင်ငံသားဥပဒေကို အစားထိုးပါမည်။ လိင်ပိုင်းဆိုင်ရာ တိမ်းညွတ်မှုနှင့် လိင်သတ်မှတ်ချက် တို့အပေါ်အခြေခံပြီး ခွဲခြားဆက်ဆံမှုအားတားမြစ်သော ဥပဒေများကိုလည်း ဖော်ဆောင်သွားမည်ဖြစ်သည်။

၉။ မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်စာတမ်းသည် ငြိမ်းချမ်းရေး၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ လူ့အခွင့်အရေးနှင့် လူနည်းစုများကို အကာအကွယ်ပေးမှုအပေါ် အခြေခံထားသော ဘက်ပေါင်းစုံပါဝင်သည့် နိုင်ငံတစ်ရပ်ဖြစ်လာစေရန် ကတိပြုထားပါသည်။ ထိုအကြောင်းအရာများကို ပြည်သူများအပေါ် ပေးစွမ်းနိုင်ရေးအတွက် ပံ့ပိုးပေးကြရန် နိုင်ငံတကာအသိုင်းအဝိုင်းကို တိုက်တွန်းအပ်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ